**K A C H I N W O M E N ' S A S S O C I A T I O N T H A I L A N D**

P . O . B O X 4 1 5 , C H I A N G M A I 5 0 0 0 0 , T H A I L A N D

ဇွန်လ၊ ၉ရက်နေ့၊ ၂၀၁၅ခုနှစ်

**ကချင်အမျိုးသမီးများအစည်းအရုံးထိုင်းနိုင်ငံ(KWAT) မှကချင်ပြည်နယ်အတွင်းမြန်မာစစ်အစိုးရနှင့် ကချင်လွတ်မြောက်ရေးတပ်မတော်တို့ ၏ စစ်ပြန်လည်ဖြစ်ပွားမှု၄နှစ်ပြည့်နှင့်ပတ်သက်ပြီးထုတ်ပြန်ချက်**

**နိုင်ငံတကာအဖွဲ့အစည်းများအနေနှင့်တိုင်းရင်းသားလူမျိုးစုများနှင့်စစ်မက်ဖြစ်ပွားနေမှုများရပ်တန့်ပေးရန် မြန်မာအစိုးရအပေါ်ဖိအားပေးသင့်ပါသည်။**

မြန်မာပြည်မြောက်ပိုင်းတွင်ဖြစ်ပွားနေသောပဋိပက္ခအခြေအနေသည် ၂၀၁၅ခုနှစ်အတွင်းပိုမိုဆိုးရွားလာပါသည်။ မြန်မာအစိုးအရအနေနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းများ လုပ်ဆောင်နေသည်ဆိုသော်လည်းကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင်စစ်တပ်များတိုးချဲ့ခြင်း၊ ကြီးမားသောထိုးစစ်ဆင်မှုများပြုလုပ်ခြင်း၊တိုက်လေယာဉ်များဖြင့်ဗုံးကျဲခြင်းများကိုပြုလုပ်လျက်ရှိပြီးထိုသို့သောလုပ်ဆောင်မှုများသည်တိုင်းရင်းသားလူမျိုးစုများ၏နယ်မြေများအပေါ်ကြီးမားသောဆိုးကျိုးများသက်ရောက်စေပါသည်။

တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့်ငြိမ်းချမ်းရေးနှင့်ပတ်သက်သောဆွေးနွေးပွဲများပြုလုပ်ရန်တောင်းဆိုမှုကိုမေလပထမအပတ်တွင်လက်ခံခဲ့သော်လည်းမြန်မာစစ်တပ်အနေဖြင့်ကချင်လွတ်မြောက်ရေးတပ်မတော်(KIA) အပါအဝင်အခြားတိုင်းရင်းသား လက်နက်ကိုင်များအပေါ်အဆက်မပြတ်ထိုးစစ်ဆင်တိုက်ခိုက်မှုများကိုဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။ မေလ၆ရက်နေ့တွင်တပ်ရင်း၈၆၊ ၁၅နှင့်၁၄၂မှတပ်များသည် မန်စီမြို့နယ်ရှိ ကေအိုင်အေတပ်ကို တိုက်ခိုက်ခဲ့ပြီး၊ မေလ ၇ရက်နေ့တွင်နမ်လင်းပါနှင့်မကျည်းရွာတွင် ဂျက်လေယာဉ်ဖြင့်ဗုံးကျဲတိုက်ခိုက်ခဲ့ပါသည်။ ထိုသို့ဗုံးကျဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ရွာသားများအနေဖြင့်ကြောက်ရွံ့ထိတ်လန့်မှုများဖြစ်ခဲ့ပါသည်။ မေလ၂၀ရက်နေ့လေယာဉ်ဖြင့်ဗုံးကျဲတိုက်ခိုက်မှုကြောင့် မန်စီမြို့၊ မကျည်းကျေး ရွာရှိ အိမ်နှစ်အိမ်ပျက်စီးခဲ့ပါသည်။

၂၀၁၁ခုနှစ်လောက်မှ စတင်ပြီး နေစရာပျောက် ဆုံးနေသော ကချင်ဒေသရှိ စစ်ရှောင်ဒုက္ခသည်ဘ၀သို့ ရောက်ခဲ့ရသည့် ဒုက္ခသည်ပေါင်း ၁၂၀၀၀၀ အပြင် ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလမှစတင်ပြီး ကိုးကန့်နယ်မြေမှခန့်မှန်းခြေ လူ၁၀၀၀၀၀သည်လည်းအစိုးရတပ်၏ထိုး စစ်ဆင်တိုက်ခိုက်မှုကြောင့် အိုးအိမ်မဲ့ကာ အတင်းအကြပ်ပြောင်းရွှေ့ခံခဲ့ရပြီး ဒုက္ခသည်ဘ၀သို့ရောက်ခဲ့ရပါသည်။ ထိုးစစ်ကြောင့် စစ်ပွဲများဆက်လက်ဖြစ်ပွားကာ စစ်ပြေးဒုက္ခသည်ဦးရေတိုးလာနေသည့် အခြေအနေတွင် နိုင်ငံတကာမှအလှူရှင်များသည် စစ်ပြေးဒုက္ခသည်များအား ထောက်ပံ့သည့်အလှူငွေများကိုဖြတ်

တောက်ခဲ့ခြင်းကြောင့် စစ်ပြေး ဒုက္ခသည်များ အနေဖြင့် အစားအစာနှင့် ဆေးဝါးမလုံလောက်မှု အစရှိသည့် ဆိုးဝါးသောအခြေအနေနှင့် ကြုံတွေ့နေရသည်။

စစ်ပြေးဒုက္ခသည်များအနေဖြင့်အစိုးရစစ်ကြောင်းများ၏လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ ညှင်းပန်းနှိပ်စက်မှုများနှင့် သတ်ဖြတ်ခြင်းစသည့်လူ့အခွင့်အရေးချိုးဖောက်နေမှုများရှိနေခြင်းကြောင့် မိမိတို့ မူလ နေထိုင်ရာသို့ပြန်ရန် ကြောက်ရွံ့နေဆဲဖြစ်ပါသည်။ KWAT အနေဖြင့် ၂၀၁၁ခုနှစ်မှ စတင်ပြီးအမျိုးသမီးများနှင့်မိန်းကလေးငယ်များအပေါ်အစိုးရစစ်တပ်မှ လိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့်မှု များနှင့်သက်ဆိုင်ပြီး အမှုပေါင်း၇၀ကျော်ကောက်ခံရရှိခဲ့ပါသည်။ မိမိတို့အနေဖြင့်တရားမျှတမှု အတွက်တောင်းဆိုနေသော်လည်း ပြစ်မှုကျူးလွန်သူများအား ပြစ်ဒဏ်ပေးခြင်းမရှိသည့် အပြင် ကင်းလွတ် ခွင့် ပေးထားပါသည်။

၂၀၁၅ခုနှစ်ဇန်နဝါရီလ၁၉ရက်နေ့တွင်မူဆယ်မြို့နယ်အတွင်းဖြစ်ပွားခဲ့သောစေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသောဆရာမနှစ်ဦးအပေါ်ရက်ရက်စက်စက်မုဒိန်းကျင့် နှိပ်စက် သတ်ဖြတ်မှုတွင် ခလရ၅၀၃မှပြစ်မှုကျူးလွန်ခဲ့ခြင်းမှာ သေခြာကြောင်း သက်သေအထောက် အထားများရရှိနေ သော်လည်း ရဲများမှစုံစမ်းမေးမြန်းမှုသာလုပ်ခဲ့ပြီး မည်သို့သောတရားစွဲဆိုမှုမျိုး လုပ်ဆောင်ခြင်းမရှိခဲ့ပေ။ စစ်ကြောင်း အရာရှိသည်လည်း စုံစမ်းမေးမြန်းမှုကိုဟန့်တားမှုများလုပ်ခဲ့ခြင်းသာမက၊ စစ်တပ်အပေါ်စွပ်စွဲမှုတစုံတရရှိ ပါက တစ်ရွာလုံးမီးရှို့ဖျက်စီးမည်ဟု ခြိမ်းခြောက်ခဲ့ပါသည်။

၂၀၁၅ခုနှစ်၊မတ်လ၂၁ရက်နေ့တွင် ခမရ၁၁၇ နှင့် ၄၁၅ မှစစ်သားများသည် မန်စီမြို့နယ်အတွင်း အစိုးရတပ်၏ တိုက်ခိုက်မှုကြောင့် ထွက်ပြေးသိမ်းရှောင်လာသူ အသက်၁၀၃နှစ်အရွယ်ရှိအဖွားအို နှင့်သားဖြစ်သူအား ပစ္စည်းလုယက်သတ်ဖြတ်ခဲ့ကြသော်လည်း ထိုသို့ လုပ်ဆောင်ခဲ့သောစစ်သား တစ်ဦး မျှ အရေးယူ ခံရခြင်းမရှိခဲ့ပေ။ ၂၀၁၅ခုနှစ်ဧပြီလ၁၃ရက်နေ့တွင် ခမရ၄၃၈မှ စစ်သားတစ်ဦးသည် ဗန်းမော်တွင်နေထိုင်ပြီးနာမကျန်းဖြစ်ကာအိပ်ယာထဲတွင်လဲ့နေရသော အသက်၇၃နှစ် အရွယ်အဖွားအို အပေါ်အဓမ္မပြုကျင့်ရန်ကြိုးစားခဲ့ပါသည်။ ထိုသို့ အပြစ်ကျူးလွန်သူအား စစ်တပ်မှဖမ်းဆီးခဲ့သော်လည်း ရွာသားများအနေဖြင့် စစ်ခုံရုံးမှပြစ်ဒဏ်ချမှတ်လိမ့်မည်ဟုမယုံကြည်နိုင်ကြပေ။

အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်များ အပေါ်ဆက်လက်တိုက်ခိုက်ထိုးစစ်ဆင်နေမှုများ နှင့် ချိုးဖောက်မှုများပြုလုပ်နေသော်လည်း နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့်စစ်အစိုးရအပေါ် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများတွေ ရိုးသားမှုရှိစေရန်ဖိအားပေးမှုများမရှိပေ။ ဆန့်ကျင်ဖက်အနေ ဖြင့်မြန်မာ နိုင်ငံအတွင်းသို့ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နေခြင်းသည် လက်ရှိအစိုးရ၏ သူတော်ကောင်း အယောင်ဆောင် နေမှုအား အားပေးရာရောက်နေပါသည်။ မြန်မာ့တပ်မတော် ကာကွယ်ရေးဦးစီး ချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ စစ်တပ်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်များ အပေါ် တိုက် ခိုက်နေခြင်းမရှိဟု လတ်လောကပင် ကြော်ငြာခဲ့ပါသည်။

မိမိတို့အနေဖြင့် ယခုကဲ့သို့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ထောက်ပံ့မှုများသည် အစိုးရ၏ စစ်တပ်သုံးလက်နက်များ ထုတ်လုပ်နေခြင်းအတွက် အသုံးပြုသွားမည်ကို အထိုးစိုးရိမ်လျှက်ရှိပါသည်။

မြန်မာ့အလင်းဂျာနယ်မှလတ်တလောကြောငြာချက်တွင်အစိုးရစစ်တပ်မှ အမေရိကန်ဒေါ်လာ၁.၅ဘီလီယံျ အားကိုးကန့်စစ်ဆင်ရေးတွင်အသုံးပြုသွားသည်ဟုသိရပါသည်။

ထို့ကြောင့်ကျွန်ုပ်တို့အနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများအား မြန်မာစစ်အစိုးရအပေါ် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ကတိပေးထားသည့် အတိုင်းကောင်းမွန်စွာ လုပ်ဆောင်သွားရန် စတင်ပြီးဖိအားပေးတိုက်တွန်းစေလိုပါသည်။

မိမိတို့အနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများသို့ တောင်းဆိုလိုသည်မှာ

- စစ်ပွဲများ ချက်ချင်း ရပ်တန့်၍ တိုင်းရင်းသား နယ်မြေများတွင် တိုးချဲ့ထားသော အစိုးရတပ်များကို ပြန်လည်ရုပ်သိမ်းပြီး၊ ပြဿနာဖြစ်ပွားရခြင်း၏အရင်းအမြစ်ကိုဖြေရှင်းခြင်းနှင့်စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို တည်ထောင်နိုင်ရေးအတွက်ဆွေးနွေးမည့် နိုင်ငံရေးဆွေးနွေးပွဲကြီး ကျင်းပနိုင်ရန် သံတမန်အရ အစိုးရအား ဖိအားများ ပေးရန်

- နိုင်ငံတကာမှ အလှူရှင်များနှင့် ရင်းနှီးမြှုပ်နှံမည့်သူများ အနည်ဖြင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုငွေများသည် အစိုးရ၏စစ်တပ်အသုံးစရိတ်ဖြစ်မသွားစေရန် သေချာအောင်လုပ်ဆောင်သင့်ကြောင်း နှင့် လူသားခြင်းစာနာထောက်ထားပြီး ကူညီနေသည့် အလှူရှင်များအနေဖြင့် လက်ရှိပြည်တွင်းစစ်ကြောင့်ဒုက္ခရောက်နေသူများသို့ တိုက်ရိုက်လှူတန်းခြင်းမျိုးပြုလုပ်ရန်ဖြစ်ပါသည်။


ဆက်သွယ်ရန်

မွန်းနေလီ +၆၆ ၈၅-၅၂၃-၃၇၉၁ (ထိုင်းနိုင်ငံ)

ရှယ်လီဆိုင်း +၆၆ ၈၆-၉၂၃၈-၈၅၄ (ထိုင်းနိုင်ငံ)

ဆိုင်းဇင် +၉၅ ၉၂၅-၀၇၉-၀၃၂၈ (မြန်မာနိုင်ငံ)

အီးမေး kwat.secretariat@gmail.com, kwat.office@gmail.com

www.kachinwomen.com